Message Ten

# ဘုရားဝတ်မွေ့လျော်သောအသက်တာကို အသက်ရှင်ခြင်း

ဖတ်ရန်ကျမ်း။ ။ သု၂၉း၁၈က။ ၂၃း၂၃။ ၂၀း၂၇။ ၄း၂၃။ ၁၀း၁၂ခ။ ၁၇း၉

## I. "ရူပါရုံမရှိလျှင် လူတို့သည် အထိန်းအကွပ်မဲ့ ဖြစ်ကြ၏" - သု၂၉း၁၈က။

A. သမ္မာကျမ်းစာ၌ *ရူပါရုံ* ဟူသည်မှာ သာမန်ထက် လွန်ကဲသော မြင်ကွင်းကို ရည်ညွှန်းသည်။ ၎င်းမှာ အထူးဖြစ်သော မြင်ခြင်းမျိုး - ဘုန်းထင်ရှားသော၊ အတွင်းပိုင်းဖြစ်သော မြင်ခြင်း - နှင့် ဘုရားသခင်ထံမှ ကျွန်ုပ်တို့မြင်ရသည့် ဝိညာဉ်ရေးရာ မြင်ကွင်းကို ရည်ညွှန်းသည် - ယေဇ၁း၁၊ ၄-၂၈။ ဒံ၇း၁၊ ၉-၁၀၊ ၁၃-၁၄။

B. ရူပါရုံရှိရန်အလို့ငှာ ကျွန်ုပ်တို့သည် ဖွင့်ပြခြင်း၊ အလင်းနှင့် အမြင်ရှိရန် လိုအပ်သည် - ဧ၁း၁၇-၁၈က။

C. ကောင်းကင်ဆိုင်ရာရူပါရုံသည် ကျွန်ုပ်တို့ကို အုပ်စိုးနေသည်၊ ကျွန်ုပ်တို့ကို ကန့်သတ်ပေးသည်၊ ကျွန်ုပ်တို့ကို ထိန်းချုပ်ပေးသည်၊ ကျွန်ုပ်တို့ကို လမ်းညွှန်ပေးသည်၊ ကျွန်ုပ်တို့ကို စောင့်ထိန်းပေးသည်၊ ကျွန်ုပ်တို့ကို လုံးလုံးပြုပြင်ပြောင်းလဲပေးသည်၊ စစ်မှန်သောတစ်လုံးတစ်ဝဖြစ်ခြင်း၌ ကျွန်ုပ်တို့ကို ထိန်းထားပေးသည်၊ ရှေ့ဆက်သွားရန် ရဲရင့်ခြင်းပေးသည် - သု၊ ၂၉း၁၈က။

D. ဤရူပါရုံကို ကျွန်ုပ်တို့မြင်သောအခါ ကျွန်ုပ်တို့၏အတွင်းပိုင်း ဖြစ်ခြင်းတစ်ခုလုံးသည် အတွင်းပိုင်း အလှည့်အပြောင်း ရှိလာပြီး၊ ကျွန်ုပ်တို့သည် စဉ်းစားခြင်း၊ ခံယူချက်နှင့် စိတ်နေသဘောထားတို့၌ ပြောင်းလဲမှုရှိကြသည်။

E. ကောင်းကင်ဆိုင်ရာရူပါရုံသည် ကျွန်ုပ်တို့ကို လှုံ့ဆော်ပေးသည်၊ ကျွန်ုပ်တို့ကို စွမ်းအားပေးသည်၊ ကျွန်ုပ်တို့ကို ကိုင်စွဲထားပေးသည်၊ ကျွန်ုပ်တို့ကို သည်းခံခြင်းရှိစေသည်၊ သခင်ဘုရား၏ ခေတ်နှင့်အညီဖြစ်သော လှုပ်ရှားမှုအထဲသို့ ကျွန်ုပ်တို့ကို ခေါ်ဆောင်ပေးသည်၊ ကျွန်ုပ်တို့၏အသက်တာကို အဓိပ္ပာယ်နှင့် ရည်ရွယ်ချက် ပြည့်ဝခြင်းရှိရန် ဖြစ်စေသည် - ဟေဗြဲ၊ ၁း၈။ ၁၂း၁-၂။ ဧ၃း၁၁။ ၂တိ၊၁း၉။ ၃း၁၀။ ဖျာ၊၁း၉။ ၃း၁၀။

F. သခင်ဘုရားကို အစေခံသောသူအယောက်တိုင်းသည် ရူပါရုံရှိသောပုဂ္ဂိုလ်ဖြစ်ရမည်ဖြစ်သည်။ အတွင်းပိုင်း ရူပါရုံသည် ကျွန်ုပ်တို့ သခင်ဘုရားကို အစေခံသည့်နည်းလမ်းကို လုံးလုံးပြုပြင်ပြောင်းလဲပေးလိမ့်မည်ဖြစ်သည် - တ၂၆း၁၃-၁၉။ ရော၊၁း၉။

G. ကောင်းကင်ဆိုင်ရာရူပါရုံအောက်တွင် ကျွန်ုပ်တို့သည် ဘုရားသခင်၏လမ်းဆုံးပန်းတိုင်ဆီသို့ လမ်းညွှန်ပေးခြင်း ခံရကြကာ၊ ကျွန်ုပ်တို့၏အသက်တာသည် ဘုရားသခင်၏စီမံကိန်းအတိုင်း ထိန်းချုပ်ခံရသည် - ဖိ၃း၁၃-၁၄။ ၁တိ၊၁း၄။

H. သမ္မာကျမ်းစာ၏ အုပ်စိုးနေသော ရူပါရုံမှာ သုံးပါးတစ်ပါးဘုရားသည် မိမိကိုယ်တော်တိုင်ကို ရွေးချယ်ခံနှင့် ရွေးနုတ်ခံလူများအထဲသို့ လုပ်ဆောင်ပြီး၊ သူတို့၏ဖြစ်ခြင်းတစ်ခုလုံးကို ဘုရားဆိုင်ရာ သုံးပါးတစ်ပါးဖြစ်ခြင်းဖြင့် ပျော်ဝင်ပြည့်ဝစေကာ၊ ယေရုရှလင်မြို့သစ်၌ ပြီးမြောက်ပြည့်စုံသည့် ခရစ်တော်၏ကိုယ်ခန္ဓာတော်ကို ထုတ်လုပ်ခြင်းနှင့် တည်ဆောက်ခြင်း ရှိလာစေရန် ဖြစ်သည် - ဧ၄း၄-၆။ ဗျာ၂၁း၂၊ ၉-၁၀။

## II. " သမ္မာတရားကို ဝယ်လော့။ မရောင်းနှင့်" - သု၂၃း၂၃က။

A. သမ္မာတရားသည် ကျွန်ုပ်တို့ဝယ်ယူရမည့်တစ်စုံတစ်ရာ၊ အဖိုးအခရှိသော တစ်စုံတစ်ရာ ဖြစ်သည် - အငယ်၊၂၃က။

1. ဝယ်ယူခြင်းမှာ အဖိုးအခ ပေးခြင်းကို တောင်းဆိုနေသည်။
2. ကျွန်ုပ်တို့သည် သခင်ဘုရားကို နှစ်သက်ဝမ်းမြောက်စေရန်နှင့် သမ္မာတရားအတွက် ရပ်တည်လိုသည်ဆိုလျှင် ကျွန်ုပ်တို့သည် အဖိုးအခပေးရမည်ဖြစ်သည် - ညွှန်း၊ ဗျာ၊၃း၁၈။
3. ကျွန်ုပ်တို့၏စိတ်နှလုံးများသည် သမ္မာတရား၏ချစ်ခြင်းအား လက်ခံရယူရန် အဆင်သင့်ရှိပြီး၊ သမ္မာတရားကို မည်သည့်အဖိုးအခဖြင့်မဆို ဝယ်ယူမည်ဆိုလျှင်၊ ကျွန်ုပ်တို့သည် ကောင်းချီးခံရလိမ့်မည်ဖြစ်သည် - ၂သက်၊၂း၁၀-၁၁။ သု၊၂၃း၂၃။

B. ဘုရားဆိုင်ရာသမ္မာတရားသည် လုံးလုံးအကြွင်းမဲ့ဖြစ်သည်၊ ကျွန်ုပ်တို့သည် သမ္မာတရားအတွက် လုံးလုံးအကြွင်းမဲ့ဖြစ်ကာ၊ သမ္မာတရား၏ လုံးလုံးအကြွင်းမဲ့ဖြစ်ခြင်းကို ကိုင်စွဲထားရမည် - ယော၊၁၄း၆။ ၁၈း၃၇။ ၃ယော၊ ၃-၄၊ ၈။

1. သမ္မာတရားအတွက် လုံးလုံးအကြွင်းမဲ့ဖြစ်ခြင်းမှာ ခံစားချက်များကို ဘေးဖယ်ထားခြင်း၊ ပုဂ္ဂိုလ်ရေးရာ ဆက်နွယ်မှုများကို ငြင်းပယ်ခြင်းနှင့် အတ္တအတွက် မရပ်တည်ဘဲနေခြင်းကို ဆိုလိုသည် - မ၊၁၆း၂၄-၂၅။ ၁ပေ၊၁း၂၂။
2. သမ္မာတရားသည် တုနှိုင်းရာမဲ့ စံနှုန်းဖြစ်သည်၊ ကျွန်ုပ်တို့သည် သမ္မာတရားဘက်တွင် ရပ်တည်ကာ၊ ကျွန်ုပ်တို့ကိုယ်ကို ဆန့်ကျင်ရမည်။ သမ္မာတရား၏ လုံးလုံးအကြွင်းမဲ့ဖြစ်ခြင်းကို ကိုင်စွဲထားခြင်းမှာ ကျွန်ုပ်တို့သည် မိမိတို့ကိုယ်ကိုမှ ထွက်မြောက်လာသောအခါမှသာလျှင် ဖြစ်နိုင်ချေရှိသည် - ယော၊၈း၃၂။ ၂ယော၊၂။ ၃ယော၊၃-၄။
3. ကျွန်ုပ်တို့သည် ဘုရားသခင်၏သမ္မာတရားကို ရိုသေလေးမြတ်ရမည်၊ သမ္မာတရား၏ လမ်းကို ယူဆောင်ရမည်၊ မည်သည့်နည်းဖြင့်မဆို သမ္မာတရားကို အပေးအယူလုပ်ခြင်း မရှိရပေ - ၂ပေ၊၂း၂။

C. ဘုရားဆိုင်ရာစီမံကိန်း ပြီးမြောက်ပြည့်စုံခြင်းအတွက် ကျွန်ုပ်တို့သည် မျက်မှောက်ခေတ် သမ္မာတရားအတွက် လုံးလုံးအကြွင်းမဲ့ ဖြစ်ကြရန် လိုအပ်သည် - ၁း၁၂။

1. မျက်မှောက်ခေတ်သမ္မာတရားသည် ယုံကြည်သူများနှင့်အတူ လက်ရှိ ရှိနေသော၊ သူတို့လက်ခံရရှိခဲ့ပြီး၊ ပိုင်ဆိုင်ပြီးသားဖြစ်သော သမ္မာတရားဖြစ်သည် - အငယ်၊၁၂။
2. မျက်မှောက်ခေတ်သမ္မာတရားတွင် ဘုရားသခင်၏ ထာဝရစီမံကိန်း (ဧ၊၁း၁၀။ ၃း၉)၊ ဘုရားဆိုင်ရာ သုံးပါးတစ်ပါးဖြစ်ခြင်း (၂ကော၊၁၃း၁၄။ ဗျာ၊၁း၄-၅)၊ အရာအားလုံးပါဝင်သော ခရစ်တော်၏ ပုဂ္ဂိုလ်နှင့်အလုပ် (ကော၊၂း၉၊ ၁၆-၁၇။ ၃း၁၁)၊ ပြီးမြောက်ပြည့်စုံသည့် အသက်ပေးသော ဝိညာဉ်တော် (ယော၊၇း၃၉။ ၁ကော၊၁၅း၄၅ခ။ ဗျာ၊၂၂း၁၇)၊ ဘုရားသခင်၏ ထာဝရ အသက် (ယော၊၃း၁၅-၁၆)၊ ခရစ်တော်၏ကိုယ်ခန္ဓာတော်ဖြစ်သော အသင်းတော် (ဧ၊၁း၂၂-၂၃)၊ ယေရုရှလင်မြို့သစ် (ဗျာ၊၂၁း၂၊ ၁၀-၁၁) စသည်တို့နှင့် စပ်လျဉ်းသည့် ဖွင့်ပြခြင်း ပါဝင်သည်။
3. မျက်မှောက်ခေတ် သမ္မာတရားတွင် ဘုရားဆိုင်ရာ ဖွင့်ပြခြင်း၏ အမြင့်ဆုံးအထွတ်အထိပ် ပါဝင်ကာ၊ ယင်းမှာ ဘုရားသခင်သည် လူဖြစ်လာခြင်းမှာ လူသည် ကိုးကွယ်ခံအရာ၌မဟုတ်ဘဲ အသက်နှင့် သဘောသဘာဝ၌ ဘုရားဖြစ်လာရန်ဟူသော ဖွင့်ပြခြင်းဖြစ်သည်၊ ၎င်းသည် ဤခေတ်ကို အဆုံးသတ်၍ ခရစ်တော် ပြန်ကြွလာကာ သူ၏ နိုင်ငံတော်ကို တည်စေခြင်းငှာ ဘုရားသခင်၏စီမံကိန်း ပြီးပြည့်စုံခြင်းအတွက် ရှင်သန်သော ခရစ်တော်၏ကိုယ်ခန္ဓာတော်ကို ထုတ်လုပ်ရန်နှင့် တည်ဆောက်ရန် ဖြစ်သည် - ယော၊၁း၁၂-၁၄။ ၁ယော၊၃း၁-၂။ ရော၊၈း၃။ ၁း၃-၄။ ၁၂း၄-၅။ ဗျာ၊၁၁း၁၅။

## III. "လူ၏ဝိညာဉ်သည် ယေဟောဝါ၏ မီးခွက်ဖြစ်၍၊ / အတွင်းဖြစ်ခြင်း၏ အတွင်းဆုံးအပိုင်း ရှိသမျှတို့ကို စစ်ဆေးရှာဖွေ၏" - သု၊၂၀း၂၇။

A. လူ၏ဝိညာဉ်သည် လူအတွင်းရှိ ဘုရားသခင်၏ မီးခွက်ဖြစ်သည် - မ၊၂၅း၁။

1. လူ၏အသစ်မွေးဖွားခံရသော ဝိညာဉ်အတွင်းရှိ ထွန်းလင်းနေသော အလင်းသည် ဘုရားသခင်ကိုယ်တော်တိုင်ဖြစ်သည် - ၁ယော၊၁း၅။
2. မီးခွက်တွင် အလင်းပါရှိကာ ၎င်းကို ထင်ရှားစေသည့်နည်းတူ၊ လူ၏ဝိညာဉ်သည် ဘုရားသခင်ကို ထည့်ဝင်ကာ၊ ကိုယ်တော်ကို ထင်ရှားစေခြင်းငှာ ဖန်ဆင်းခံရသည်။
3. ဘုရားဆိုင်ရာအလင်းသည် လူ၏အတွင်းအစိတ်အပိုင်းများအထဲသို့ ထွန်းလင်းရန်အလို့ငှာ ဆီဖြစ်သော ဘုရားသခင်၏ဝိညာဉ်တော်သည် မီးစာဖြစ်သော လူ၏ဝိညာဉ်ကို စိမ့်ဝင်ခြင်း (ရောနှောပေါင်းစည်းခြင်း) ရှိပြီး၊ လူ၏ဝိညာဉ်နှင့်အတူတကွ "လောင်ကျွမ်းခြင်း" ရှိရမည်ဖြစ်သည် - ရော၊၈း၁၆။ ၁၂း၁၁။
4. ကျွန်ုပ်တို့သည် ဝိညာဉ်၏ ထွန်းလင်းခြင်းကို တုန့်ပြန်မည်ဆိုလျှင် ကျွန်ုပ်တို့သည် ဝိညာဉ်အတိုင်း လျှောက်လှမ်းကြလိမ့်မည်ဖြစ်သည် - ၈း၄။

B. ဘုရားသခင်၏ဝိညာဉ်တော်သည်လည်း မီးခွက်ဖြစ်ကာ၊ ကိုယ်တော်၏ထွန်းလင်းခြင်းအတွက် အရှိန်ခုနစ်ဆ မြင့်တင်လျက်ရှိသည် - ဗျာ၊၄း၅။
   1. ကျွန်ုပ်တို့၏ အသစ်မွေးဖွားခံရသော ဝိညာဉ်သည် မီးခွက်ဖြစ်ကာ၊ အတွင်း၌ မီးခွက်ဖြစ်တော်မူသည့် ဘုရားသခင်၏ဝိညာဉ်တော် ကိန်းဝပ်ခြင်းရှိနေသည်။
   2. လူ၏ဝိညာဉ်နှင့် ဘုရားသခင်၏ဝိညာဉ်တော်နှစ်ခုလုံးသည် မီးခွက်ဖြစ်ကာ၊ အတွင်း အစိတ်အပိုင်းများကို အတူတကွ အလင်းထွန်းလင်းပေးနေသည် - သု၊၂၀း၂၇။ ဗျာ၊၄း၅။
   3. ဝိညာဉ်သည် ကျွန်ုပ်တို့စိတ်၏ အစိတ်အပိုင်းတိုင်းကို အလင်းထွန်းလင်းပေးလိုသည်။

C. ကျွန်ုပ်တို့သည် မှန်ကန်သင့်လျော်စွာ ဆုတောင်းရန် ကျွန်ုပ်တို့၏ဝိညာဉ်ကို လေ့ကျင့်သောအခါ ထိုနေရာတွင် မီးခွက်ထွန်းလင်းခြင်း ရှိနေသည် - ဧ၊၆း၁၈။ ၁း၁၇-၁၈။ ၅း၈-၉။
   1. ကျွန်ုပ်တို့သည် ဆုတောင်းသောအခါ ကျွန်ုပ်တို့၏ဝိညာဉ်သည် ထွန်းလင်းသော မီးခွက်အဖြစ် လှုပ်ရှားပြုမူကာ ကျွန်ုပ်တို့စိတ်၏ အပိုင်းအားလုံးကို ရှာဖွေခြင်း ပြုနေသည် - သု၊၂၀း၂၇။
   2. ကျွန်ုပ်တို့သည် ဆုတောင်းခြင်း၌ ကျွန်ုပ်တို့၏ဝိညာဉ်ကို ပို၍ လေ့ကျင့်လေလေ၊ ကျွန်ုပ်တို့ပို၍ အလင်းထွန်းလင်းခံရလေလေဖြစ်သည် - ၂ကော၊၄း၆။
      a. မီးခွက်သည် ကျွန်ုပ်တို့၏စဉ်းစားခြင်းများ၊ ခံစားချက်များနှင့် အလိုဆန္ဒတို့တွင် ထွန်းလင်းပေးနေသည်။
      b. ကျွန်ုပ်တို့၏ အတွင်းအစိတ်အပိုင်းများသည် သခင်ဘုရားအားဖြင့် လုံးလုံးအကုန်အစင် ရှာဖွေစစ်ဆေးခြင်း ရှိရလိမ့်မည်ဖြစ်သည် - ဆာ၊၁၃၉း၂၃-၂၄။
   3. ထိုသို့သော ဆုတောင်းခြင်းအချိန်ပြီးနောက် ကျွန်ုပ်တို့သည် တောက်ပခြင်းနှင့် ထွင်းဖောက်မြင်နိုင်ခြင်းကို ခံစားရကာ၊ ဘုရားသခင်နှင့် ပြည့်ဝခြင်း ရှိလိမ့်မည်ဖြစ်သည် - ဧ၊၅း၈-၉။

## IV. "သင့်စိတ်နှလုံးကို သတိဖြင့် စောင့်ရှောက်လော့။ / အကြောင်းမူကား ၎င်းမှ အသက် ထွက်ပေါ်၏။" - သု၊၄း၂၃။

A. စိတ်သည် ပုဂ္ဂိုလ်ကိုယ်တိုင်ဖြစ်သည်၊ သို့သော် စိတ်နှလုံးသည် ပြုမူခြင်း၌ရှိသော ပုဂ္ဂိုလ်ဖြစ်သည် - လု၊၁း၆၆။ ၂း၁၉၊ ၅၁။ တ၊၁၁း၂၃။ ဧ၊၃း၁၇။ ၁သက်၊၃း၁၃။
   1. ကျွန်ုပ်တို့၏အတွင်းဖြစ်ခြင်း၌ ကျွန်ုပ်တို့ကို ကိုယ်စားပြုနေသည့် တစ်စုံတစ်ရာ ရှိနေပြီး၊ ဤကိုယ်စားပြုသူသည် ကျွန်ုပ်တို့၏ စိတ်နှလုံးဖြစ်သည် - လု၊၆း၄၅။ ယော၊၁၆း၂၂။ ၂ကော၊၃း၁၆။
   2. ဘုရားသခင်နှင့် ကျွန်ုပ်တို့အကြားရှိ ဆက်နွယ်မှုမှာ ပထမဦးစွာ ကျွန်ုပ်တို့၏စိတ်နှလုံးအပေါ် မူတည်နေသည်၊ အကြောင်းမှာ စိတ်နှလုံးသည် ကျွန်ုပ်တို့ကိုယ်ကို ထင်ရှားဖော်ပြရသော၊ အရာများကို လက်ခံခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုရန် ဆုံးဖြတ်ရသော အင်္ဂါဖြစ်သောကြောင့် ဖြစ်သည် - တ၊၈း၃၇။ ရော၊၁၀း၉-၁၀။
   3. ကျွန်ုပ်တို့၏ဝိညာဉ်သည် စင်ကြယ်သော်လည်း၊ ကျွန်ုပ်တို့၏ ဝိညာဉ်မှ ထင်ရှားဖော်ပြသည့်အရာမှာ ကျွန်ုပ်တို့၏ စိတ်နှလုံးအပေါ် မူတည်နေသည် - ၂သက်၊၂း၁၇။ ၃း၅။

B. စိတ်နှလုံးသည် ကျွန်ုပ်တို့ဖြစ်ခြင်း တစ်ခုလုံးသို့ ဝင်ပေါက်နှင့် ထွက်ပေါက်ဖြစ်သည် - မ၊၁၃း၁၉၊ ၁၅း၁၈-၁၉။
   1. ကျွန်ုပ်တို့၏စိတ်နှလုံးမှတစ်ဆင့် ကျွန်ုပ်တို့ဖြစ်ခြင်း အစစ်အမှန်သည် ထွက်ပေါ်လာသည်၊ အကြောင်းမှာ ကျွန်ုပ်တို့ဖြစ်ခြင်း၏ အသွားအလာ လမ်းကြောင်းမှာ ကျွန်ုပ်တို့စိတ်နှလုံးမှတစ်ဆင့် ဖြစ်သောကြောင့် ဖြစ်သည် - လု၊၆း၄၅။
   2. ကျွန်ုပ်တို့၏ဝိညာဉ်သည် ကျွန်ုပ်တို့ဖြစ်ခြင်း၏ အရင်းအမြစ်ဖြစ်သည်၊ သို့သော် ကျွန်ုပ်တို့၏စိတ်နှလုံးသည် လမ်းကြောင်း၊ ဝင်ပေါက်နှင့် ထွက်ပေါက်ဖြစ်ကာ၊ ယင်းမှတစ်ဆင့် ကျွန်ုပ်တို့ဖြစ်ခြင်း သွားလာဖြတ်သန်းခြင်း ရှိနေခြင်းဖြစ်သည် - မ၊၁၂း၃၄-၃၅။
   3. မှန်ကန်သင့်လျော်သော ခရစ်ယာန်တစ်ဦး ဖြစ်ရန်အလို့ငှာ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ဝိညာဉ်ကို လေ့ကျင့်ကာ၊ သတိရှိစွာ စောင့်ရှောက်ခြင်းအားဖြင့် ကျွန်ုပ်တို့၏စိတ်နှလုံးကို စောင့်ကြပ်ရန် လိုအပ်သည် - သု၊၄း၂၃။

C. သုတ္တံ ၄း၂၃ ရှိ "စောင့်ရှောက်"ဟု ပြန်ဆိုထားသည့် ဟေဗြဲစကားလုံးမှာ "စောင့်ကြပ်ခြင်း"ဟု ဆိုလိုသည်။

1. ကျွန်ုပ်တို့၏စိတ်နှလုံးကို ခပ်သိမ်းထက် စောင့်ရှောက်ရမည်၊ အကြောင်းမှာ ၎င်းမှ အသက်၏ရလဒ်များ ထွက်ပေါ်လာသောကြောင့်ဖြစ်သည်။
2. သုတ္တံ ၄း၂၃ ရှိ *ရလဒ်ထွက်ပေါ်လာခြင်း* ဟူသည်မှာ အရင်းအမြစ်နှင့် ထွက်ပေါ်လာမှုများကိုသာမက ရလဒ်များကိုလည်း ရည်ညွှန်းပါသည်။
   a. အသက်၏ထွက်ပေါ်လာသော ရလဒ်များမှာ အသက်၏ စီးထွက်လာခြင်း ဖြစ်သည် - ညွှန်း၊ ယော၊၄း၁၄။
   b. စိတ်နှလုံးသည် အသက်၏အရင်းအမြစ်၊ အသက်၏ပွင့်ထွက်လာမှု၊ အသက်၏ရလဒ်များ စသည်တို့နှင့် ဆက်နွှယ်နေသည် - ညွှန်း၊ ဟေရှာ၊၁၂း၃။
   c. ကျွန်ုပ်တို့ဖြစ်သောအရာ၊ ကျွန်ုပ်တို့ဖြစ်ခြင်းအစစ်အမှန်၏စမ်းရေတွင်း၊ အရင်းအမြစ်မှာ ကျွန်ုပ်တို့၏စိတ်နှလုံးမှ စီးထွက်လာခြင်းဖြစ်သည် - ညွှန်း၊ ယော၊၇း၃၇-၃၈။

D. ကျွန်ုပ်တို့၏စိတ်နှလုံးအတွက် ဂရုစိုက်ခြင်းနှင့် အသက်၏နည်းလမ်း၌ သခင်ဘုရားရှေ့တော်တွင် ကျွန်ုပ်တို့၏စိတ်နှလုံးကို အကုန်အစင် ဆက်ဆံဖြေရှင်းခြင်းအားဖြင့် ကျွန်ုပ်တို့သည် စိတ်နှလုံးကို စောင့်ကြပ်ကြသည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ စိတ်နှလုံးကို ဆက်ဆံဖြေရှင်းလေလေ၊ ကျွန်ုပ်တို့၏စိတ်နှလုံးကို စောင့်ကြပ်ခြင်း ရှိလေလေဖြစ်သည် - ဆာ၊၂၆း၂။ ၁၃၉း၂၃-၂၄။ သု၊၄း၂၃။ ရော၊၈း၂၇။ ဗျာ၊၂း၂၃။ မ၊၃း၁၈-၂၃။ ၅း၈။

E. ဘုရားသခင်၏တည်ဆောက်ခြင်းအတွက် အသက်၌ ကြီးထွားရန်အလို့ငှာ ကျွန်ုပ်တို့သည် သခင်ဘုရားကို ချစ်ရမည်၊ ကျွန်ုပ်တို့၏ဝိညာဉ်ကို အလေးထားရမည်၊ အသက်၏လမ်းကြောင်းအပေါ် တည်နေရန် သတိကြီးစွာဖြင့် ကျွန်ုပ်တို့၏ စိတ်နှလုံးကို စောင့်ကြပ်ရမည်ဖြစ်သည် - ၁ပေ၊၁း၈။ ၂း၂၊ ၅။ ၃း၄၊ ၁၅။ သု၊၂၁း၂။ ၄း၁၈-၂၃။ တရား၊၁၀း၁၂။ မာ၊၁၂း၃၀။

## V. "ချစ်ခြင်းမေတ္တာသည် ခပ်သိမ်းသော ကျူးလွန်ခြင်းတို့ကို ဖုံးအုပ်တတ်၏" - သု၊၁၀း၁၂ခ။

A. "သူတစ်ပါးပြစ်မှားသောအမှုကို ဝှက်ထားသောသူသည် မေတ္တာကို ပြုစု၏။ / ကြားပြောသောသူမူကား၊ မိတ်ဆွေတို့ကို ကွဲပြားစေ၏" - ၁၇း၉။

B. ဖုံးအုပ်ပေးခြင်းသည် ချစ်ခြင်းဖြစ်သည်။ ထုတ်ဖော်ကြားပြောခြင်းသည် ချစ်ခြင်း မဟုတ်ပေ - ယာ၊၅း၂၀။

C. ဖုံးအုပ်ခြင်းသည် ကောင်းချီးမင်္ဂလာကို ယူဆောင်လာသည်၊ သို့သော် ထုတ်ဖော်ကြားပြောခြင်းသည် ကျိန်ခြင်းကို ယူဆောင်လာသည် - က၊၉း၂၂-၂၇။

1. အခြားသူများကို ထုတ်ဖော်ပြောကြားသူတို့သည် ကျိန်ခြင်းကို ခံစားရသည်။
2. အခြားသူများ၏ အပြစ်များ၊ ချို့ယွင်းချက်များနှင့် အားနည်းချက်များကို ဖုံးအုပ်ပေးသောသူသည် အမြတ်ရရှိခြင်းကို မွေ့လျော်ရကာ၊ ကောင်းချီးမင်္ဂလာကို လက်ခံရရှိကြသည်။

D. "မေတ္တာသည် ခပ်သိမ်းသောအရာကို ဖုံးအုပ်တတ်၏" (၁ကော၊၁၃း၇က)၊ ကောင်းသောအရာများကိုသာမက မကောင်းသောအရာများကိုပင် ဖုံးအုပ်ပေးသည်။

1. "အသက်ကြီးသူများသည် သူတို့၏ထိန်းကျောင်းခြင်း၌ သူတို့သည် အခြားသူများ၏ အပြစ်များကို ဖုံးအုပ်ပေးပြီး၊ အခြားသူများ၏ ဆိုးညစ်မှုများကို ထည့်တွက်စဉ်းစားခြင်း မရှိရမည့်အကြောင်း သိနားလည်ရန် လိုအပ်သည်" - *The Vital Groups*, p. 72။
   a. "အသင်းတော်ရှိ အင်္ဂါဝင်များ၏ ချို့ယွင်းချက်များ၊ အားနည်းချက်များနှင့် အပြစ်များကို ထုတ်ဖော်ပြောကြားတတ်သော မည်သူမဆို အသက်ကြီးသူအရိုက်အရာမှ အရည်အချင်း မပြည့်မီပေ" – p.72။
   b. "ကျွန်ုပ်တို့၏ အသက်ကြီးသူအရာ၊ ကျွန်ုပ်တို့၏ ထိန်းကျောင်းခြင်း အောက်တွင် အင်္ဂါဝင်များကို ထုတ်ဖော်ပြောကြားခြင်းသည် ကျွန်ုပ်တို့၏အရည်အချင်း ပြည့်မီမှုကို ပယ်ဖျက်ပေးသည်" – p. 72။

2. ကျွန်ုပ်တို့သည် အခြားသူများကို ဘုရားသခင်အတိုင်း၊ ကျူးလွန်ခြင်းများအားလုံးကို ဖုံးအုပ်ပေးသော ချစ်ခြင်း မေတ္တာဖြင့် ထိန်းကျောင်းရန် လိုအပ်သည် - ၁ပေ၊၅း၂။ သု၊၁၀း၁၂။

E. "အခြားသော အမှုအရာထက်မက၊ အချင်းချင်း အားကြီးသော ချစ်ခြင်းမေတ္တာ ရှိကြလော့။ အကြောင်းမူကား၊ ချစ်ခြင်း မေတ္တာသည် များစွာသော အပြစ်တို့ကို ဖုံးအုပ်တတ်၏။" - ၁ပေ၊၄း၈။

*© 2020 Living Stream Ministry*